# Picasa 3 (portable)

ကျနော် အခု ပြောပြချင်တဲ့ Software က အားလုံးသိပြီးသားပဲဖြစ်လိမ့်မယ်။ Google ရဲ့ product ဖြစ်တဲ့အပြင် freeware ဆိုတော့ လူသိများပါတယ်။ အားလုံးလည်း သုံးဘူးကြမှာပါ။ အခုက နောက်ဆုံး Version ဖြစ်တဲ့ Picasa 3 ကို Portable ရလို့ share ရင်း မသိသေးတဲ့လူကို ပြောပြတဲ့ သဘောပါပဲ။ မသုံးတတ်သေးရင်တော့ ဖတ်လိုက်ပါဦး။







http://www.zshare.net/download/5207408800fdf36e/

http://www.mediafire.com/download.php?lmyqwgew5nm

ကျနော် တော်တော်လေး ကြိုက်မိတဲ့ Photo Designer easy Tool လေး တစ်ခုပါပဲ။ ဘာလို့ကြိုက်မိတာလဲ ဆိုတော့ သူ့မှာပါတဲ့ effect လေးတွေက ဓါတ်ပုံဆိုင်လို အမြန်ပုံပြင်ဖို့ လိုတဲ့ အချိန်နဲ့ သာမာန် ပုံပြင်ဖို့လောက် အတွက် အရမ်းကိုကောင်းပါတယ်။ အောက်မှာ နည်းနည်း စမ်းပြပါ့မယ်။

ဓါတ်ပုံတစ်ပုံကို Edit လုပ်မယ်ဆိုရင် အဓိက tab သုံးခု ရှိလိမ့်မယ်။ ပထမ tab မှာ crop ဆိုတာလေး ကို စကြည့်မယ်နော်။




crop ကို နှိပ်လိုက်တာနဲ့ အောက်ပါအတိုင်း စိတ်ကြိုက် crop လုပ်ချင်တာလား၊ ဓါတ်ပုံ print ထုတ်တဲ့ ဆိုဒ်အတွက်လား ဆိုတာကို အောက်ပါအတိုင်း အရွယ်အစား ရွေးပေးလိုက်ရုံပါပဲ။




နောက် tab တစ်ခုက အရောင်တွေ၊ အလင်းအမှောင်တွေကို ပြင်ပေးလို့ရတဲ့ Tuning ပါ။ အကြိုက်ဆုံး effect ပါပဲ ။ အရမ်းလွယ်ပါတယ်။






နောက်ဆုံး tab က photo effect တွေပါ။ Double click လေးနဲ့ စမ်းကြည့်လိုက်လို့ ရပါတယ်။








အောက်ကပိုင်းပြထားတဲ့ နေရာမှာ အခြားသော Google ရဲ့ ဆန်းသစ်မှုတွေ ရှိပါသေးတယ်။ ကိုယ်တိုင်ပဲ စမ်းကြည့်လိုက်ကြပေါ့။

ဘာပဲဖြစ်ဖြစ် စမ်းသုံးကြည့်ပါဗျာ။ တကယ်ကို သဘောကျဖို့ ကောင်းပါတယ်။